## အမျိုးသားလွှတ်တော်ရုံး

## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားလွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (ကွန်ပျူတာ) (၁၅)နေရာ၊ လစာနှုန်း (၂၁၆၀၀၀ - ၂၀၀၀၀ -၂၂၆၀၀၀) အတွက် အောက်ဖော်ပြပါ ပညာအရည်အချင်း ကိုက်ညီသူ ပြင်ပပုဂ္ဂိုလ်များ လျှောက်ထားနိုင်ပါသည်-

(က) မဟာကွန်ပျူတာသိပ္ပံဘွဲ့ ( M.C.Sc)

(ခ) မဟာကွန်ပျူတာနည်းပညာဘွဲ့ (M.C.Tech)

(ဂ) မဟာအင်ဂျင်နီယာဘွဲ့ (သုတနည်းပညာ) [M.E (IT)]

၂။ လျှောက်ထားသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ ( ၂၃ - ၁၁-၂၀၁၈) ရက်နေ့ တွင် အသက်(၂၈)နှစ်ထက်မကျော်စေရ။ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ ဒုတိယဦးစီးမှူး (ကွန်ပျူတာ) ရာထူးအတွက် Networking၊ Programming နှင့် Server ဆိုင်ရာ အတွေ့အကြုံရှိသူများ၊ Certificate ရရှိထားသူများအား ဦးစားပေးရွေးချယ်သွားမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာတွင် -

(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

(ခ) မွေးနေ့သက္ကရာဇ်နှင့် အသက်၊

(ဂ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊

(ဃ) အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်း၏အလုပ်အကိုင်၊

(င) အမိအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်း၏အလုပ်အကိုင်၊

(စ) ဆက်သွယ်ရန် နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊

(ဆ) အမြဲတမ်းနေရပ်လိပ်စာတို့ကို မှန်ကန်စွာ ဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ-

(က) (၆) လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓါတ်ပုံ (၃) ပုံ (နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)

(ခ) ဘွဲ့လက်မှတ်မိတ္တူ

(ဂ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ

(ဃ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

(င) (၆) လအတွင်း ရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း

(စ) အမျိုးသားလွှတ်တော်ရုံး(နေပြည်တော်)တွင် တာဝန်ထမ်းဆောင်ရမည်ကို သိရှိပါကြောင်းနှင့် အနည်းဆုံး (၅) နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးစာတို့ ပူးတွဲပါရှိရမည်။

၅။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားလွှတ်တော်ရုံး၊ နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍လည်းကောင်း၊(၂၃-၁၁-၂၀၁၈)ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။ လျှောက်လွှာနှင့် ကိုယ်ရေးအကျဉ်းပုံစံများကို အမျိုးသားလွှတ်တော်ရုံး Website (http://www.amyotha.hluttaw.mm) နှင့် Facebook Page (http://www.facebook.com/hluttawamyotha) တို့တွင် ရယူနိုင်ပါသည်။ ဖြေဆိုခွင့်ကတ်ပြားများကို (၃၀ - ၁၁-၂၀၁၈)ရက် ( သောကြာနေ့) တွင် လွှတ်တော်ရုံး၊ ဂိတ်အမှတ် (၂) ရှေ့၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်ပါသဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။

၆။ အရည်အချင်းစစ်စာမေးပွဲတွင် Networking၊ Programming (concept) နှင့် Server ဆိုင်ရာများကို စစ်ဆေးမည်ဖြစ်ပြီး (၁-၁၂-၂၀၁၈) ရက် (စနေနေ့) ၌ နံနက် (၀၉၀၀) နာရီမှစ၍ ရေးဖြေစစ်ဆေးခြင်းကိုလည်းကောင်း၊ (၈-၁၂-၂၀၁၈) ရက် (စနေနေ့) ၌ နံနက်(၀၉၀၀)နာရီမှစ၍ နှုတ်ဖြေစစ်ဆေးခြင်းကိုလည်းကောင်း နေပြည်တော်၊ အမျိုးသားလွှတ်တော်ရုံးတွင် ဖြေဆိုရမည် ဖြစ်ပါသည်။ လာရောက်ဖြေဆိုသည့်နေ့တွင် လျှောက်လွှာတင်ပြစဉ်ကပါရှိသော အောင်လက်မှတ်နှင့် စာရွက်စာတမ်းမူရင်းများအား တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက အမျိုးသားလွှတ်တော်ရုံး ဖုန်းနံပါတ် ၀၆၇- ၅၉၁၂၄၀ နှင့် ၀၆၇- ၅၉၁၂၄၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သို့

ညွှန်ကြားရေးမှူးချုပ်
အမျိုးသားလွှတ်တော်ရုံး
နေပြည်တော်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ရက်

**အကြောင်းအရာ။ ဒုတိယဦးစီးမှူး(ကွန်ပျူတာ)ရာထူး(၁)နေရာ လျှောက်ထားခြင်း**

၁။ ကျွန်တော်/ ကျွန်မ ............................၊ (နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် .................) သည် အမျိုးသားလွှတ်တော်ရုံးတွင် တာဝန်ထမ်းဆောင်လိုပါသဖြင့် ဒုတိယဦးစီးမှူး (ကွန်ပျူတာ) ရာထူး (၁) နေရာ ခန့်ထားပေးပါရန် လေးစားစွာ လျှောက်ထားအပ်ပါသည်။

၂။ ကျွန်တော်/ ကျွန်မအား ခန့်ထားမည်ဆိုပါက အနည်းဆုံး (၅) နှစ် တာဝန်ထမ်းဆောင်နိုင်ပါကြောင်းနှင့် ပေးအပ်သည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်မည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

| | |
|---|---|
| လက်မှတ် | ၊ .............................…..... |
| အမည် | ၊.................................. |
| နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | ၊..............................…..... |

# ကိုယ်ရေးရာဇဝင်အကျဉ်း

ဓါတ်ပုံ

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ လ ရက်

| | | |
|---|---|---|
| ၁။ | အမည် | ၊ ………………………………………….. |
| ၂။ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ၊ ………………………………………….. |
| ၃။ | မွေးသက္ကရာဇ်နှင့်အသက် | ၊ ………………………………………….. |
| ၄။ | လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ | ၊ ………………………………………….. |
| ၅။ | ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ် | ၊ ………………………………………….. |
| ၆။ | အဘအမည် | ၊ ………………………………………….. |
| ၇။ | အဘ၏နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ၊ ………………………………………….. |
| ၈။ | အဘ၏အလုပ်အကိုင် | ၊ ………………………………………….. |
| ၉။ | အမိအမည် | ၊ ………………………………………….. |
| ၁၀။ | အမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ၊ ………………………………………….. |
| ၁၁။ | အမိ၏အလုပ်အကိုင် | ၊ ………………………………………….. |
| ၁၂။ | ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ | ၊ ………………………………………….. |
| | | ၊ ………………………………………….. |
| ၁၃။ | ဆက်သွယ်ရန်ဖုန်းနံပါတ် | ၊ ………………………………………….. |
| ၁၄။ | အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ | ၊ ………………………………………….. |
| | | ၊ ………………………………………….. |
| ၁၅။ | တက်ရောက်ခဲ့သောသင်တန်းနှင့် | ၊ ………………………………………….. |
| | အောင်လက်မှတ်များ | ၊ ………………………………………….. |
| | | ၊ ………………………………………….. |
| | | ၊ ………………………………………….. |